
Kids of Destiny
Reaching the Next Generation
www.kidsofdestiny.org

Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.com

## ရှောလမုန်သည် သူ၏ဉာဏ်ပညာကို အသုံးပြုသည် 4.12

## ဓမ္မရာဇဝင်တတိယစောင် ၃

ရှောလမုန်ရဲ့ဖခင်ဖြစ်တဲ့ ရှင်ဘုရင်ဒါဝိဒ်ဟာ သေသွားပြီဖြစ်တဲ့အတွက် ယခုအချိန်မှာ ရှင်ဘုရင်ဖြစ်ဖို့ ရှောလမုန်ရဲ့အလုပ်ဖြစ်လာတယ်။ တာဝန်တွေအများကြီးပဲ။ ဘုရားသခင်ရဲ့စကားတော်ကို နားထောင်ဖို့ ညွှန်ကြားချက်တွေအများကြီးကို ဒါဝိဒ်က ရှောလမုန်ကို ပေးခဲ့ တယ်။ ဒါပေမယ့်အခုအချိန်မှာ ရှောလမုန်က တိုင်းပြည်မှာရှိတဲ့လူတွေအားလုံးအကြောင်းနဲ့ ဒီအလုပ်ဟာတာဝန်အရမ်းကြီးကြောင်းကို သူတွေးတောနေခဲ့တယ်။

ဣသရေလလူမျိုးတွေဟာ ဘုရားသခင်ကို ကိုးကွယ်ချင်ကြပေမယ့် အိမ်တော်မရှိခဲ့ဘူး။ ရှောလမုန်ရဲ့အလုပ်တစ်ခုက ကိုးကွယ်ဖို့အိမ်တော်ကို ဆောက်ရမှာဖြစ်တယ်။ လူတွေဟာ သူတို့ကိုးကွယ်တဲ့နည်းလမ်းနဲ့ပတ်သက်ပြီး နာမခံချင်ကြတော့ဘူး။ ရှောလမုန်တောင် နာမခံဘူးဖြစ်လာတယ်။ ရှောလမုန်က ဘုရားသခင်ဆီကလာတဲ့ဉာဏ်ပညာကို လိုအပ်တယ်။

တစ်ညမှာ၊ ဘုရားသခင်က ရှောလမုန်ကို အိပ်မက်ထဲမှာ စကားပြောတယ်။ ဘုရားသခင်က ရှောလမုန်အလိုချင်ဆုံးအရာကိုမေးခဲ့တယ်။ ရှောလမုန်က သူဉာဏ်ပညာကိုလိုချင်ကြောင်းပြောခဲ့တယ်။ ဘုရားသခင်ရဲ့စကားတော်ကို နားထောင်ပြီး အမြော်အမြင်ရှိတဲ့နှလုံးသားနဲ့ လူတွေကို သူအုပ်စိုးချင်တယ်။ ဘုရားသခင်က ဉာဏ်ပညာကို ရှောလမုန်ကိုပေးခဲ့တယ်။ ရှောလမုန်တောင်းတဲ့အရာက ဘုရားသခင်ရဲ့ စိတ်တော်နဲ့တွေ့ခဲ့တယ်။

တစ်နေ့မှာ ရှောလမုန်က သူ့ရဲ့ဉာဏ်ပညာကို ကြီးမားတဲ့နည်းနဲ့ အသုံးပြုဖို့အကြောင်းရှိလာတယ်။ တစ်ခါတုန်းက အိမ်တစ်အိမ်တည်း မှာ အတူနေတဲ့ မိန်းမနှစ်ယောက်ရှိတယ်။ သူတို့မှာ ဖြေရှင်းရမယ့် ငြင်းခုံချက်တစ်ခုရှိခဲ့တယ်။သူတို့ဟာ ဒီပြဿနာအကြီးကြီးတစ်ခုကို ဖြေရှင်းဖို့ ရှင်ဘုရင်ရှောလမုန်ဆီလာကြတယ်။

မိန်းမတစ်ယောက်က "အိုအရှင်သခင်၊ ဒီမိန်းမဟာ ကျွန်မနဲ့အတူ တစ်အိမ်တည်းမှာအတူနေပါတယ်။ မကြာသေးခင်က ကျွန်မ ကလေး မွေးခဲ့ပါတယ်။ နောက်မကြာခင်မှာပဲ ဒီအခြားမိန်းမက ကလေးတစ်ယောက်မွေးခဲ့ပါတယ်။ အဲအချိန်မှာ ဘယ်သူကမှ ကျွန်မတို့နဲ့ အတူ ရှိမနေပါဘူး။ ဒီအခြားမိန်းမရဲ့ကလေးက ညအချိန်မှာ သေသွားခဲ့ပါတယ်။ သူအိပ်ယာကထပြီး ကျွန်မအိပ်နေတဲ့အချိန်မှာ ကျွန်မရဲ့ ကလေးကိုယူပြီး သူ့ရဲ့သေသွားတဲ့ကလေးကိုကျွန်မအနားမှာလာထားပါတယ်။ ကျွန်မ မနက်အိပ်ယာကထတော့ ကျွန်မအနားမှာရှိတဲ့ ကလေးက သေနေပါတယ်။ ကျွန်မက ကလေးလေးကို သေချာစိုက်ကြည့်တော့ ကလေးက ကျွန်မကလေး လုံးဝမဟုတ်ပါဘူး။ သူ ကလေးကိုလဲခဲ့ပါတယ်။"

အခြားမိန်းမက "မဟုတ်ပါဘူး။ အသက်ရှင်နေတဲ့ကလေးက ကျွန်မကလေးပါ။ သင့်ကလေးက သေသွားတာပါ" အော်ဟစ်ခဲ့တယ်။

ပထမပြောခဲ့တဲ့မိန်းမကလည်း "မဟုတ်ဘူး။ အသက်ရှင်နေတဲ့ကလေးက ကျွန်မကလေးပါ" လို့ ခိုင်ခိုင်မာမာပြောဆိုပါတယ်။

ရှင်ဘုရင်ရှောလမုန်ကလည်း "အဲဒါဆိုရင်တစ်ယောက်က 'အသက်ရှင်နေတဲ့ကလေးဟာ ကျွန်မသားဖြစ်ပြီး သေသွားတဲ့ကလေးက သူ့သားလို့ပြောပြီး' အခြားတစ်ယောက်က 'မဟုတ်ဘူး။ ဒါမမှန်ဘူးလို့ပြောတယ်'" နောက်တော့ ရှင်ဘုရင်က ဓါးတစ်လက် တောင်းလိုက်တယ်။ "အသက်ရှင်နေတဲ့ကလေးကို နှစ်ခြမ်းခွဲရအောင် - တစ်ယောက်တစ်ခြမ်းယူကြ" လို့ပြောတယ်။

သူ့ရဲ့ကလေးကိုတစ်ကယ်ချစ်တဲ့မိန်းမက "အိုးအရှင်သခင်၊ ကလေးကိုအခြားမိန်းမကိုပေးလိုက်ပါ။ ကလေးကအသက်ရှင်ရမှာပေါ့" လို့ ပြောတယ်။ အခြားမိန်းမက ကလေးကိုခွဲပေးလို့ပြောတယ်။

ရှောလမုန်ကဆုံးဖြတ်ချက်ချပြီး "ကလေးကို အသက်ရှင်စေချင်တဲ့မိန်းမကသာ ကလေးရဲ့အမေစစ်စစ်ဖြစ်တယ်။ ကလေးကိုမသတ်နဲ့။ ကလေးကို သူ့ကိုပြန်ပေးလိုက်ပါ"လို့ပြောတယ်။

ဣသရေလလူမျိုးတွေအားလုံးဟာ ဒီအကြောင်းအရာကို ကြားပြီး အံ့အားသင့်ကြတယ်။ ရှောလမုန်ရဲ့ဉာဏ်ပညာဟာ ဘုရားဆီကလာ တယ်ဆိုတာ သူတို့သိတယ်။

## ရှောလမုန်သည် သူ၏ဉာဏ်ပညာကို အသုံးပြုသည် - ဆရာလမ်းညွှန် 4.12

## ဓမ္မရာဇဝင်တတိယစောင် ၃

**အဓိကအချက်များ**

ရှောလမုန်ဟာ သူ့ရဲ့ဖခင် ရှင်ဘုရင်ဒါဝိဒ်သေပြီးနောက်ပိုင်း ဣသရေလရဲ့ရှင်ဘုရင်ဖြစ်လာခဲ့တယ်။ ဘုရားသခင်က ရှောလမုန်နဲ့ စကား ပြောပြီး ရှောလမုန်အလိုချင်ဆုံးအရာကို မေးခဲ့တယ်။ ရှောလမုန်က လူတွေကိုဦးဆောင်ဖို့ဉာဏ်ပညာလိုချင်ကြောင်းပြောခဲ့တယ်။

မြို့ထဲက အိမ်တစ်အိမ်တည်းမှာအတူနေတဲ့ မိန်းမနှစ်ယောက်ရှိတယ်။ နှစ်ယောက်လုံး ကလေးတစ်ယောက်စီရှိတယ်။ တစ်ညမှာ ကလေးတစ်ယောက်က သေသွားတယ်။ မိန်းမတစ်ယောက်က အခြားမိန်းမရဲ့ကလေးကသေပြီး အခြားမိန်းမက သူ့ရဲ့သေတဲ့ကလေးကို အသက်ရှင်တဲ့ကလေးနဲ့လဲခဲ့တယ်လို့ပြောတယ်။ ဒုတိယမိန်းမက ဒါဟာမမှန်ဘူးလို့ပြောတယ်။ ဒီအငြင်းပွားမှုကို ဖြေရှင်းဖို့ သူတို့ဟာ ရှင်ဘုရင်ရှောလမုန်ဆီသွားခဲ့တယ်။

ရှင်ဘုရင်ရှောလမုန်က “ဓါးတစ်လက်ယူလာခဲ့ပါ။ ကလေးကို နှစ်ခြမ်းခွဲပြီး မိန်းမတစ်ယောက်စီက တစ်ခြမ်းစီရမယ်”လို့ပြောတယ်။

မိန်းမတစ်ယောက်က “ကလေးကို အခြားမိန်းမကိုပေးလိုက်ပါ။ ကလေးအသက်ရှင်ရမယ်” လို့ပြောတယ်” အခြားမိန်းမက ကလေးကိုခွဲ ပါလို့ပြောတယ်။

ရှင်ဘုရင်ရှောလမုန်က သူ့ဆုံးဖြတ်ချက်ကိုချပြီးပြီဖြစ်တယ်။ ကလေးကိုအသက်ရှင်စေချင်တဲ့မိန်းမဟာ ကလေးရဲ့တကယ့်မိခင်ဖြစ်တယ်။ အဲဒါကြောင့် ကလေးကို သူ့ကိုပေးလိုက်ပါလို့ပြောတယ်။

ဣသရေလမှာရှိတဲ့လူအားလုံးက ဒီအကြောင်းကိုကြားပြီး လူတွေဟာ ရှင်ဘုရင်ရှောလမုန်ရဲ့ဉာဏ်ပညာကို အံ့သြကြတယ်။ ဒီဉာဏ်ပညာဟာ ဘုရားသခင်ဆီကလာတယ်ဆိုတာသူတို့သိကြတယ်။

**မေးခွန်းများ**

1) ဘုရားသခင်ဆီက ရှောလမုန်အလိုချင်ဆုံးအရာက ဘာလဲ?
2) မိန်းမနှစ်ယောက်မှာ ဘာပြဿနာရှိခဲ့လဲ?
3) ရှင်ဘုရင်ရှောလမုန်က ဘာလုပ်သင့်တယ်လို့ပြောခဲ့လဲ?
4) ဘယ်မိန်းမက မိခင်အစစ်အမှန်လဲဆိုတာ ရှင်ဘုရင်ရှောလမုန်က ဘယ်လိုဆုံးဖြတ်ခဲ့လဲ?
5) ရှင်ဘုရင်ရှောလမုန်ရဲ့ဉာဏ်ပညာက ဘယ်သူ့ဆီကလာတာလဲ?

**အဖြေများ**

1) ရှောလမုန်အလိုချင်ဆုံးအရာက ဉာဏ်ပညာဖြစ်တယ်။
2) မိန်းမနှစ်ယောက်မှာ ကလေးတစ်ယောက်စီရှိတယ်။ ကလေးတစ်ယောက်သေတော့ မိန်းမနှစ်ယောက်လုံးက အသက်ရှင်နေတဲ့ ကလေးဟာ သူတို့ရဲ့ကလေးလို့ပြောကြတယ်။
3) ရှင်ဘုရင်ရှောလမုန်က ကလေးကိုနှစ်ခြမ်းခွဲသင့်တယ်လို့ ပြောခဲ့တယ်။
4) ရှင်ဘုရင်ရှောလမုန်ဟာ ကလေးကို အသက်ရှင်စေချင်တဲ့မိန်းမသာ မိခင်အစစ်အမှန်ဆိုတာ သိခဲ့တယ်။
5) ရှင်ဘုရင်ရှောလမုန်ရဲ့ဉာဏ်ပညာက ဘုရားသခင်ဆီကလာတာဖြစ်တယ်။


Kids of Destiny
Reaching the Next Generation
www.kidsofdestiny.org